"You are a priest forever

According to the order of Melchizedek."

-Hebrews 5:6

"သင် သည် မေလ်ခိဇေဒက် ၏ အရိုက်အရာကို ဆက်ခံသော

ထာဝရ ရဟန်းဖြစ် သည်"

ဟေဗြဲ ၅:၆

Excerpts from the *Lectionary for Mass for Use in the Dioceses of the United States of America, second typical edition* © 2001, 1998, 1997, 1986, 1970 Confraternity of Christian Doctrine, Inc., Washington, DC. Used with permission. All rights reserved. No portion of this text may be reproduced by any means without permission in writing from the copyright owner.

Ordination *to the* Sacred Order *of* Priesthood

ထာဝရ ရဟန်း သိက္ခာတင်ခြင်း

Martin Ma Na Ling

Owensboro Convention Center
Saturday, July 2, 2022

PRELUDE ဤလောကသား

၁။ ဤလောကသား အမျိုးမျိုးကို အုပ်စိုးစီရင် ပိုင်တော်မူသော
မြတ်ကျေးဇူးရှင် သခင်ယေဇူး အထံတော်၌ စုဝတ်ပြုမူ။
တရားနာအောင် ကောင်းသောသဘော မြတ်စိတ်တို့နှင့် ရှိပါစေသော်
သာယာနေ့ သာယာနေ့ ကျေးဇူးတော်ကို ခံအံ့သောနေ့။

၂။ ကယ်ချွတ်အရှင် စိတ်ကရုဏာ သနားခြင်းကို ရှိတော်မူပါ
တရားတော်၌ ကောင်းစွာနားထောင် ကိုယ်တော်မြတ်ကို ကိုးကွယ်ရအောင်။
ကယ်တင်မြတ်သော မဟာကျေးဇူး အစဉ်တာရှည် ငြင်းတော်မမူ
သာယာနေ့ သာယာနေ့ ကျေးဇူးတော်ကို ခံအံ့သောနေ့။

၃။ ခပ်သိမ်းသော<u>အရာ</u> ကျေးဇူးအများ အစဉ် သနားတတ်သောဘုရား
ယုံကြည်စောင့်ရှောက် ချစ်လေးမြတ်လေ ကိုယ်တော်ကျွန်၌ အားကြီးပါစေ။
အကြေးစင်အောင် မေတ္တာရေစင် ဆွတ်ဖျန်းတော်မူပါ အိုသခင်
သာယာနေ့ သာယာနေ့ ကျေးဇူးတော်ကို ခံအံ့သောနေ့။

"Understand what you do,
Imitate what you celebrate,
And conform your life
To the mystery of the Lord's Cross."
-Rite of Ordination of a Priest

BLESSING & DISMISSAL (ကောင်းချီး မင်္ဂလာပေးခြင်းနှင့် စေလွှတ်ခြင်း)

RECESSIONAL

သခင်ယေဇူး၏ ငါတို့၌ ကျေးဇူးတော်သို့ (အပိတ် သီချင်း)

၁။ အိုကျေးဇူးရှင် သခင်ယေဇူး ချီးမွမ်း မကုန်နိုင်ပါ၊
ဘုရားဘုန်းစည်းစိမ် စွန့်တော်မူ ဤလောကသို့ ကြွလာ။
Cho: အိုကျေးဇူးရှင် သခင်ယေဇူး ချီးမွမ်း မကုန်နိုင်ပါ၊
ဘုရားဘုန်းစည်းစိမ် စွန့်တော်မူ ဤလောကသို့ ကြွလာ၊

၂။ ဆိုးညစ်မိုက်မဲ ဤလူ့ပြည်တွင် အလွန်ခံတော်မူပြီ၊
ငရဲမင်းနှင့် လူသားတို့ပင် ဝိုင်းလျက်ညှင်းဆဲကြ၏။

၃။ ခမည်းတော်၏ အမျက်တော်တို့ လူမှုဖယ်တော်မူပြီ၊
ရန်သူဖြစ်သော လူတို့ အဖို့ အသက်စွန့် တော်မူ၏။

၄။ လူမျိုးတို့ကို သနားသောကြောင့် မထီမဲ့မြင်ကိုခံ၊
ရန်သူကိုပင် ကယ်ချွတ်ရအောင် လက်ဝါးကပ်တိုင်ကိုထမ်း။

၅။ အကျွန်ုပ်တို့ အပြစ်များစွာ ဆောင်သွားတော်မူပါပြီး၊
အိုကျေးဇူးရှင် ကိုယ်တော်မြတ်အား မြတ်မင်္ဂလာရှိ၏။

အို ယေဇူးအရှင် ကောင်းကင်ဘုရား

၁။ အို ယေဇူးအရှင် ကောင်းကင်ဘုရား ကိုယ်တော် မိန့်တော်မူသည်ကား
ငါ့၏ အသွေးတော်နှင့် ငါအသား စားကြပါ အိုလူအများ။

Cho: အို အရှင် သခင်ယေဇူးဘုရား ကျွန်ုပ်တို့အားကယ်မပါ၊
ကိုယ်တော်၏ မဟာကျေးဇူးတော်အား ဖြေဆပ်၍ မကုန်နိုင်ပါ။

၂။ လာ၍ စားသောက်သူ အပေါင်းတို့သည် ထာဝရ အသက်ရလိမ့်မည်
လာ၍ မစားသောက်သော သူတို့သည် စီရင်ခြင်း ခံရလိမ့်မည်။

၃။ သားတော်ဘုရား ယေဇူးမှာ မူကား ပြစ်ရှိသူ ကျွန်ုပ်တို့အား
ယေဇူး အရှင်ထံ တောင်းလျှောက်သူသည် သနားခြင်း ခံရလိမ့်မည်။

၄။ အို ချစ်ဖွယ်လှသော ယေဇူးဘုရား ပြစ်ရှိသူ ကျွန်ုပ်တို့အား
ကိုယ်တော်အား လက်ခံနိုင်ကြပါရန် ကျေးဇူးကို ပေးတော်မူပါ။

INTRODUCTORY RITES (ပဏာမ ဝတ်ပြုခြင်း)

ENTRANCE (အဝင်သီချင်း)

ဝေနေယျသတ္တဝါ

၁။ ဝေနေယျသတ္တဝါ ဘုရားအား ချီးမွမ်းပါ၊ ဖန်ဆင်းခံရာများ ထာဝရ ချီးမွမ်းကြ၊
ကြီးမားများပြားသော ကျေးဇူးများတို့ အား၊ အစဉ် ချီးမွမ်းတေးဆို ဂုဏ်ပြုကျိုးနွံကြ။

သံပြိုင်။ ရွှေနှုတ်တော်ထွက်ရာ နှုတ်ကပါတ်တော်မြတ်အား
အစဉ် နာယူကျင့်သုံးရာ စိတ်ဝိညာဉ်ထဲတွင် အစဉ်ကိန်းအောင်းပါစေ။

၂။ အပြစ်ကျေးကျွန် အဖြစ်မှ ကျွတ်လွတ်နိုင်စိမ့်ငှါ၊ လူ့သမိုင်း ဖြစ်စဉ်ကို ဖန်ဆင်းပြုပြင်လာ၊
ဂျူးဒ မျိုးဆက်ကို ရွေးကောက်ခဲ့လေရာ၊ ကယ်ရွှတ်ခြင်း တရားကို လူတို့အားပေးရှာ။

၃။ အပြစ်ကျေးကျွန်ဘဝမှ လွတ်မြောက်ချိန်တိုင်ရာ၊ ချစ်လှသားတော်ကို စေလွှတ်ခဲ့လေရာ
အပြစ်ဆိုးကျိုးများမှ ကျွတ်လွတ်ခဲ့စေခါ၊ လူတို့အား ပေးရှာ အစဉ်ထာဝရချမ်းသာ။

၄။ ဝိညာဉ်တော်မြတ်မဟာ ကြွမြန်းခဲ့စေကာ၊ တပည့်များတို့ကို အမြဲ အုပ်ထိန်းလမ်းညွှန်လာ
နှုတ်ကပတ်တော်မြတ်ကို ပေးသနားခဲ့စေရာ၊ လူတို့ ထံရောက်လာ ထာဝရ မြတ် ဘဏ္ဍာ။

SIGN OF THE CROSS (ခရူစူး အမှတ်သား)

PENITENTIAL ACT (နောင်တယူခြင်း)

GLORIA (ဂလိုရီယာ)

မြေကြီးပေါ် ၌လည်း စိတ်ကောင်း နှလုံးကောင်း ရှိသူတို့အား ငြိမ်သက်ခြင်း ရှိစေသတည်း။ အိုအရှင် မြတ်စွာဘုရား ကောင်းကင်ဘုံဘုရင်၊ အနန္တတန်ခိုးတော်ရှင် ခမည်းတော်ဘုရား ကိုယ်တော်ကို ချီးမွမ်းကြပါသည်၊ သာဓုခေါ်ကြသည်၊ ရှိခိုးကိုးကွယ်ကြပါသည်၊ ဂုဏ်ပြုကြပါသည်၊ ကိုယ်တော်၏ ကြီးမြတ်လှသော ဘုန်းဂုဏ်တော်ကိုထောက်၍ ကိုယ်တော်ကို ကျေးဇူးတင်ကြပါသည်။ အို....ယေဇူးခရစ္စတူးသခင် ခမည်းတော်၏ တစ်ပါးတည်းသော သားတော်ဘုရား၊ လောကအပြစ်ကို ချွတ်တော်မူပေသော ဘုရား၏ သိုးငယ်တော် တပည့်တော်တို့ကို သနားတော်မူပါ။ လောကအပြစ်ကို ချွတ်တော်မူပေသော သခင် တပည့်တော်တို့ တောင်းလျှောက်ရာကို နာယူတော်မူပါ။ ခမည်းတော်၏ လက်ယာဘက်မှာ စံနေတော်မူသောသခင် တပည့်တော်တို့ကို သနားတော်မူပါ။ အကြောင်းမူကား ကိုယ်တော် တစ်ပါးတည်းသာလျှင် သန့်ရှင်းတော်မူ၏။ ကိုယ်တော် တစ်ပါးတည်းသာလျှင် အရှင်သခင် ဖြစ်တော်မူ၏။ အမြင့်မြတ်ဆုံး ဖြစ်တော်မူ၏။ အို...ယေဇူး ခရစ္စတူးသခင် ကိုယ်တော်သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် တကွ ခမည်းတော်ဘုရား၏ ဘုန်းဂုဏ်တော်ဝယ် စံပယ်တော်မူ၏။ အာမင်။

LITURGY OF THE WORD

ဘုရားသခင်၏ နှုတ်ကပါဌ်တော်အား ဝတ်ပြုခန်း

FIRST READING *Numbers 11:11b-12, 14-17, 24-25*

ပထမကျမ်းစာ ဖတ်ရှုခြင်း *တောလည်ရာကျမ်း (၁၁။ ၁၁-၁၂၊ ၁၄-၁၇၊ ၂၄-၂၅)*

Proclaimed in Burmese

Moses asked the Lord: "Why are you so displeased with me that you burden me with all this people? Was it I who conceived all this people? Or was it I who gave them birth, that you tell me to carry them at my bosom, like a foster father carrying an infant, to the land you have promised under oath to their fathers? I cannot carry all this people by myself, for they are too heavy for me. If this is the way you will deal with me, then please do me the favor of killing me at once, so that I need no longer face this distress."

ပွဲတော်သို့ ခေါ်လေပြီ (ကိုယ်တော်မြတ် သီချင်း)

၁။ သန့်ရှင်းမြင့်မြတ်တော်မူသော ကောင်းကင်ဘောဇဉ်တော်သည်ကား
ယေဇူးရှင်မြတ်ပေးသည့် ဝိညာဉ်အသက်ပင်
ထိုမွန်မြတ် ကောင်းကင်ဘောဇဉ်ဝိညာဉ်အတွက် ခွန်အားရှိစေရန်
လာကြဖိတ်ထား ပွဲသို့ခေါ်လေပြီ။

သံပြိုင်။ ပွဲတော်သို့ လာကြဖိတ်ထား အားရစွာနှင့် ပွဲတော်သို့ သွားကြစို့၊
ရှင်ယေဇူး မြတ်ပွဲတော်သို့ ရှင်လန်းစွာဖြင့် ကျေးဇူးတင်လျက်သွားကြစို့။

၂။ ကောင်းကင်လမ်းသက်တာ ခရီးလျှောက်စဉ် ပင်ပန်း၍ရှိလျှင်
ကျွန်ုပ်တို့၏ ယေဇူးရှင်တော်မြတ်ထံသို့
သွားကြစို့ ကောင်းကင် ဘောဇဉ် ဝိညာဉ် အသက်ရအံ့စိမ့်သောငှါ
လာကြဖိတ်ထား ပွဲသို့ခေါ်လေပြီ။

၃။ ဝေနေယျ သတ္တဝါပေါင်းများ အသက်ရှင် စံစားနိုင်အံ့ငှါ
ပင်ပန်းကြီးစွာ ရှာဖွေကြိုးစားလျက်ရှိပြီ
ဝိညာဉ်လည်း အသက်ရှင်ရန် အင်အားပေးသည့် အစာသုံးဆောင်ရန်
လာကြဖိတ်ထား ပွဲသို့ ခေါ်လေပြီ။

၄။ သန့်ရှင်းမြင့်မြတ်တော်မူသော ကောင်းကင်ဘောဇဉ်တော်သည်ကား
ယေဇူးရှင်မြတ်တော်၏ အသွေးအသားပင်
ထာဝရ သက်ရှင်စေမည်ဟု သုံးဆောင်သော သူတို့အား ကတိပေး
လာကြဖိတ်ထားပွဲသို့ ခေါ်လေပြီ။

မင်္ဂလာပွဲတော်ကြီးသို့ (ကိုယ်တော်မြတ် သီချင်း)

၁။ လူမျိုးတို့ကို အလွန်ချစ်ရာ မင်္ဂလာပွဲတော်ကို ခင်းလေပြီ၊
ထာဝရအသက် ရဖို့ရာ ဝိညာဉ်ဘောဇဉ် ကိုယ်တော်မြတ်တည်း။

သံပြိုင်။ အိုသခင်ကျွန်ုပ်တို့ထံ ကြွလာအံ့သောဌါ မထိုက်တန်
တစ်ခွန်းမျှသာ အမိန့်ရှိလျှင် သန့်ရှင်းခြင်းသို့ ရောက်ပါလိမ့်မည်။

၂။ အသက်ရှင်သော မုန်ပင့်ယူရန်) ပင့်ယူရန်(ဝမ်းမြောက်ရွှင်လန်းစွာသီချင်းဆို၊
ချစ်ခြင်းကို ချစ်ခြင်းနှင့် တုန့်ပြန်) နှင့်တုန့်ပြန် (ကိုယ်တော်နှင့် မကွာ ပေါင်းစပ်လေ။

၃။ အပြစ်ကြောင့် မရှန်းကန်နိုင်သော) ကုန်နိုင်သော (ဝိညာဉ်ခွန်အား ရရှိဖို့ရန်၊
နိမ့်ချစွာ နှလုံးကိုဖွင့်လျက်) ကိုဖွင့်လျက် (ယေဇူးကိုယ်တော်မြတ် ပင့်ယူပါ။

Then the Lord said to Moses, "Assemble for me seventy of the elders of Israel, men you know for true elders and authorities among the people, and bring them to the meeting tent. When they are in place beside you, I will come down and speak with you there. I will also take some of the Spirit that is on you and will bestow it on them, that they may share the burden of the people with you. You will then not have to bear it by yourself."

So Moses went out and told the people what the Lord had said. Gathering seventy elders of the people, he had them stand around the tent. The Lord then came down in the cloud and spoke to him. Taking some of the Spirit that was on Moses, he bestowed it on the seventy elders, and as the Spirit came to rest on them, they prophesied.

ဘုရားသခင်အား ကျေးဇူးတင်ပါသည်။

RESPONSORIAL PSALM (ဆာလံသီချင်း ဧကျူးခြင်း)

Ps 110 (ဆာလံ ၁၁၀):

"You are a priest forever according to the order of Melchizedek" (*sung in Burmese*)

သင်သည် မေလ်ခိဇေဒက် နည်းတူ ထာဝရ ရဟန်းဖြစ်၏။

SECOND READING *Acts 20:17-18a, 28-32, 36*

ဒုတိယကျမ်းစာ ဖတ်ရှုခြင်း တမန်တော် ဝတ္ထု (၂၀။၁၇-၁၈၊ ၂၈-၃၂၊ ၃၆)

Proclaimed in Burmese

From Miletus Paul had the presbyters of the Church at Ephesus summoned. When they came to him, he addressed them, "Keep watch over yourselves and over the whole flock of which the Holy Spirit has appointed you overseers, in which you tend the Church of God that he acquired with his own Blood. I know that after my departure savage wolves will come among you, and they will not spare the flock. And from your own group, men will come forward perverting the truth to draw the disciples away after them. So be vigilant and remember that for in three years, night and day, I unceasingly admonished each of you with tears. And now I commend you to God and to that gracious word of his that can build you up and give you the inheritance among all who are consecrated." When Paul had finished speaking, he knelt down and prayed with them all.

(ဘုရားသခင်အား ကျေးဇူးတင်ပါသည်။)

GOSPEL ACCLAMATION (အာလေလူယာ) All Stand (မတ်တပ်ရပ်ကြရန်)

GOSPEL *John 15:9-17*
ဧဝံဂေလိကျမ်းစာ ဖတ်ရှုခြင်း *ရှင်ယောဟန်ဧဝံဂေလိကျမ်း ၁၅။ ၉-၁၇*

သခင်ယေဇူးသည် မိမိ တပည့်တော်တို့အား ဤသို့အမိန့်တော်ရှိ၏။

ခမည်းတော် သည် ငါ့ကို ချစ်တော်မူ သကဲ့သို့ ငါသည် သင်တို့ ကို ချစ်၏။ ငါ၏ ချစ်ခြင်း မေတ္တာ၌ တည်နေ ကြလော့။ ငါသည် ခမည်းတော်၏ ပညတ်တော်များကို စောင့်ထိန်း၍ ကိုယ်တော်၏ ချစ်ခြင်း မေတ္တာ၌ တည်နေ သကဲ့သို့ သင်တို့ သည်လည်း ငါ၏ ပညတ်တော်များကို စောင့်ထိန်းကြပါလျှင် ငါ၏ ချစ်ခြင်း မေတ္တာ၌ တည်နေ ကြလိမ့်မည်။ ငါ၏ ဝမ်းမြောက်ခြင်းသည် သင်တို့ ၌ တည်ရှိစေခြင်းငှာ လည်းကောင်း ၊ သင်တို့ ၏ ဝမ်းမြောက် ခြင်းသည်လည်း ပြည့်စုံစေခြင်းငှာ လည်းကောင်း ဤအကြောင်း အရာများကို သင်တို့အား ငါဟောပြော ၏။ ငါ၏ ပညတ်သည်ကား ငါသည် သင်တို့ ကို ချစ်သကဲ့သို့ သင်တို့ သည်လည်း အချင်းချင်းချစ် ကြလော့။ မိမိ၏ မိတ်ဆွေများအဖို့ မိမိ၏ အသက်ကို စွန့်လွှတ်သော ချစ်ခြင်းမေတ္တာထက်ပို၍ ကြီးမြတ်သည့် ချစ်ခြင်းမေတ္တာ မျိုး အဘယ်သူတွင်မျှ မရှိ။ သင်တို့ ကို ငါပညတ်ထားသည့် အတိုင်း လိုက်နာကျင့်ကြံကြလျှင် သင်တို့ သည် ငါ၏ မိတ်ဆွေများ ဖြစ်ကြ ၏။ ငါသည် ယခုမှစ၍ သင်တို့အား အစေခံဟူ၍ ခေါ် ဆိုတော့မည် မဟုတ်။ အကြောင်း မူကား အစေခံသည် မိမိသခင်ပြုသောအမှုအရာကိုမသိ သောကြောင့် ဖြစ် ၏။ ငါသည် သင်တို့ ကို မိတ်ဆွေဟု ခေါ် ၏။ အကြောင်းမူကား ငါ၏ ခမည်းတော်ထံမှ ငါကြားသိရသမျှတို့ ကို သင်တို့အား ငါသိစေလေပြီ။ သင်တို့သည် ငါ့ကို ရွေးကောက်ခဲ့ကြသည် မဟုတ်။ ငါသည် သင်တို့ ကို ရွေးကောက်ခဲ့ခြင်း ဖြစ်ပြီး သင်တို့ သည် သွား၍ အသီးသီးကြလျက် သင်တို့ ၏ အသီးသည် အစဉ်အမြဲ တည်နေမည့် အကြောင်း နှင့် ငါ၏ နာမ၌ ခမည်းတော်ထံသို့ သင်တို့ တောင်းလျှောက် သမျှကို ကိုယ်တော်သည် ပေးသနား တော်မူမည့် အကြောင်း သင်တို့အား ငါခန့်ထား ၏။ ထို့ကြောင့် သင်တို့ သည် အချင်းချင်းချစ်ကြရန် သင်တို့အား ငါပညတ် ၏။

COMMUNION
(ကိုယ်တော်မြတ် ပင့်ယူခြင်း)

ချစ်ခြင်းစားပွဲသို့ (ကိုယ်တော်မြတ် သီချင်း)

၁။ နောက်ဆုံးညၥ် ယေဇူး ကိုယ်တော်ရှင်မြတ်သည် မွန်မြတ်ပွဲတော်ခင်းလေပြီ၊
ချစ်တပည့် များ ခြံရံလျက် သန့်ရှင်းမှန့် ဖြင့် ပွဲတော်ခင်းပြီး။

သံပြိုင်။ ချစ်ခင်ခြင်း စားပွဲသို့ ယေဇူးဘုရား <u>အစဉ်</u>မြဲ ဖိတ်ခေါ်တော်မူပြီ
ချစ်ခင်ခြင်း စားပွဲသို့ သွားကြ အိုခပ်သိမ်း လူအပေါင်း။

၂။ နောက်ဆုံးညၥ် ယေဇူးကိုယ်တော် မိန့်လေပြီ ချစ်ခင်ခြင်း ရှိပါလေလော့၊
ယေဇူးရှင်မြတ်၏ တရားပညတ်သည်ကား မေတ္တာရှိလော့။

၃။ နောက်ဆုံးညၥ် ယေဇူးကိုယ်တော် မိန့်သည့်အတိုင်း ရှေးဘာသာသူများပြုပြီ၊
စုဝေးပြုလျက် မုန့်ဖဲ့ကာ အာဂါပေးခေါ် ချစ်ခြင်းပွဲတည်။

၄။ နောက်ဆုံးညၥ် ယေဇူးပြုသော ပူဇော်ခြင်း <u>အစဉ် အ</u>မြဲ ပူဇော်လျက် ရှိပြီ၊
ရဟန်းပြုသော ပူဇော်ခြင်း တရားသည်လည်း ချစ်ခြင်းပွဲပင်။

၅။ နောက်ဆုံးညၥ် ယေဇူးခင်းသော ပွဲတော်သည် <u>အစဉ် အ</u>ဆက် ပြုလျက် ရှိလေပြီ၊
ဖိုးမပေးဘဲ ယူစားနိုင် သွားကြပါစို့ အို လူ <u>အပေါင်း</u>တို့။

Sanctus (သန့်ရှင်းတော်မူ၏)

သန့်ရှင်းတော်မူ၏၊ သန့်ရှင်းတော်မူ၏၊ သန့်ရှင်းတော်မူ၏။ ဗိုလ်ခြေတို့၏အရှင် မြတ်စွာဘုရားသည် သန့်ရှင်းတော်မူ၏။ ကောင်းကင်နှင့် မြေကြီးသည် ကိုယ်တော်၏ ဘုန်းဂုဏ်တော်နှင့် ပြည့်နှက်လျက်ရှိ၏။ ကောင်းကင်ဘုံရှင်အား ချီးမွမ်းထောပနာ ရှိပါစေ။ ဘုရားရှင်၏ နာမတော်နှင့် ကြွလာသော ကိုယ်တော်သည် မင်္ဂလာ ရှိတော်မူ၏။ ကောင်းကင်ဘုံရှင်အား ချီးမွမ်း ထောပနာ ရှိပါစေ။

Memorial Acclamation (နက်နဲလှသော ယုံကြည်ရာ အချက်ပေတည်း)

အိုသခင်၊ ကိုယ်တော်ရှင် တစ်ဖန်ကြွလာတော်မူသည့် တိုင်အောင် ကိုယ်တော်ရှင်၏ အသေခံတော်မူခြင်းကို တပည့်တော်တို့ ကြေးကြော်ကြ၍ ကိုယ်တော်ရှင်၏ ရှင်ပြန်ထမြောက် တော်မူခြင်းကိုလည်း တပည့်တော်တို့ ဝန်ခံကြပါသည်။

Doxology and Great Amen

အားလုံး အာမင်။

Lamb of God (ဘုရား၏ သိုးငယ်တော်)

(လောကအပြစ်ကို ချွတ်တော်မူပေသော ဘုရား၏ သိုးငယ်တော် တပည့်တော်တို့ကို သနားတော်မူပါ)၂
လောကအပြစ်ကို ချွတ်တော်မူပေသော ဘုရား၏ သိုးငယ်တော် တပည့်တော်တို့အား ငြိမ်သက်ခြင်းကို ပေးတော်မူပါ။

Rite of Ordination (သိက္ခာတင်ခြင်း အခမ်းအနား)

Calling of the Candidate (သိက္ခာတင်မည့် ရဟန်းလောင်းကို ခေါ်ဆိုခြင်း)

The candidate is called forth by name.

သိက္ခာတင်မည့် ရဟန်းလောင်းသည် သူ့နာမည်ဖြင့် ခေါ်ဆိုခြင်း ခံရပါသည်။

Presentation of the Candidate (ရဟန်းလောင်းကို အပ်နှင်းခြင်း)

Rev. Daniel Dillard presents the candidate to Bishop Medley and attests to his worthiness.

ဘုန်းတော်ကြီး Daniel Dillard သည် ရဟန်းလောင်းကို ဆရာတော်ကြီး Medley ထံသို့ အပ်နှင်း၍ သူသည် ထိုက်တန်သူဖြစ်ကြောင်း သက်သေခံရသည်။

Election and Consent (ရွေးကောက်ခြင်းနှင့် သဘောတူခြင်း)

Bishop Medley elects the candidate for the ordination to the Order of Priesthood and invites the assembly to give its affirmation by applause.

ဆရာတော် ဘုရား Medley သည် ရဟန်းလောင်းကို မြင့်မြတ်လှသော ရဟန်းဘောင်သို့ တက်လှမ်းရန် ရွေးချယ် တင်မြှောက်၍ ဘာသာတူ အားလုံးတို့ကိုလည်း သဘောတူ လက်ခုပ်သြဘာပေးရန် ဖိတ်ခေါ်ပါသည်။

Homily (သြဝါဒပေးခြင်း)

Most Reverend William F. Medley,
Bishop of the Diocese of Owensboro

Promise of the Elect (ရွေးကောက်ခံ ရဟန်းလောင်း၏ ကတိဝန်ခံချက်)

The elect alone rises and stands before Bishop Medley, who questions him. Then, kneeling before the Bishop, he places his hands between his and promises obedience to Bishop Medley and all his successors.

ရွေးကောက်ခံ ရဟန်းလောင်းတစ်ဦးတည်းသာ ထပြီး ဆရာတော်ဘုရားရှေ့ ၌ မတ်တပ်ရပ်ပြီးလျှင် ဆရာတော်ဘုရားသည် သူ့ကို စစ်ဆေးမေးမြန်းသည်။ ထို့နောက် ရွေးကောက်ခံ ရဟန်းလောင်းသည် ဆရာတော်ဘုရားရှေ့ ၌ ဒူးထောက်ပြီးလျှင် သူ၏ လက်များကို ဆရာတော်ဘုရား၏ လက်များကြားတွင် ထား၍ ဆရာတော်ဘုရားနှင့် သူ၏ အရိုက်အရာ ဆက်ခံသူ ဆရာတော်ဘုရားများအပေါ် နာခံခြင်း ကတိသစ္စာပြုသည်။

Invitation of Prayer (ဆုတောင်းရန် ဖိတ်ခေါ်ခြင်း)

Bishop Medley invites all present to join in prayer through the intercession of the saints.

ဆရာတော် ဘုရားသည် ပွဲတော် တက်ရောက်သူ အားလုံးကို သူတော်သူမြတ်များထံ ဆုပန်ခြင်းအားဖြင့် အတူဆုတောင်းရန် ဖိတ်ခေါ်သည်။

Litany of the Saints (သူတော်သူမြတ်များထံ ဆုပန်ခြင်း)

All Stand (မတ်တပ်ရပ်ကြရန်)



Liturgy of the Eucharist

(ကိုယ်တော်မြတ်မင်္ဂလာတော် ဝတ်ပြုခြင်း)

အို ...ခမည်းတော်ဘုရား (ပူဇော်ခြင်း သီချင်း)

၁။ အိုခမည်းတော်ဘုရား ကျွန်ုပ်တို့သည် ကိုယ်တော်အား
ပူဇော်သက္ကာရများ သက္ကာရများတို့ကို
ဆက်သရန် ပလ္လင်ရှေ့ပလ္လင်ရှေ့၌ ရောက်လာ ရောက်လာကြသည် သခင် ဘုရား။

သံပြိုင်။ လက်ခံတော်မူပါ ဘုရား၊ ကျွန်ုပ်တို့၏ ပူဇော်ခြင်း
သားတော်မျက်နှာတော်ကို ထောက်၍ လက်ခံတော်မူ၊
ကျွန်ုပ်တို့၏ ကိုယ်စိတ်နှလုံးသုံးပါးကိုပင် လက်ခံတော်မူပါ ဘုရား။

၂။ အိုခမည်းတော်ဘုရား ဤပူဇော်သက္ကာရ
ရှင်သူသေသူတို့ကို သေသူတို့ကိုလည်းကောင်း
ကျွန်ုပ်တို့ အပြစ်မှ ချမ်းသာရန် ပူဇော်လို ကြသည် အနန္တရှင်။

၃။ နှလုံးကြေကွဲနှလုံး ကြေကွဲဝမ်းနည်းခြင်းဖြင့်
နက်နဲသော ဦးခေါင်း ခရစ် နက်နဲသော ခရစ္စတူးနှင့်
ကျွန်ုပ်တို့ ပေါင်းစပ်လိုသဖြင့် မုန့်စပျစ်ရည်နှင့် အလှူပူဇော်ကြသည်။

KISS OF PEACE (ငြိမ်းချမ်းခြင်းအမှတ်လက္ခာ)

Bishop Medley extends to the newly ordained the fraternal greeting of peace. The other priests in the assembly then share this sign with the newly ordained.

ဆရာတော် ဘုရားသည် ငြိမ်းချမ်းခြင်းအမှတ်လက္ခာဖြင့် ရဟန်းသစ်အား ညီအစ်ကို ကဲ့သို့ ကြိုဆိုနှုတ်ဆက်သည်။ တခြား ညီအစ်ကို ရဟန်းများ အားလုံးသည်လည်း ထိုနည်းတူ ရဟန်းသစ်ကို ကြိုဆိုဂုဏ်ပြုကြသည်။

သူ

၁။ သူ နူးညံ့ခြင်းမှာ သိမ်မွေ့လွန်းတယ်၊ သူ ရက်ရောခြင်းတွေ ပေးဝေတယ်၊
သူ လွတ်လပ်ခြင်းနဲ့ အမြဲအတူရှိတယ်၊ သူ သူငယ်ချင်းကောင်းဖြစ်တယ်၊

၂။ သူ နှိမ့်ချခြင်းအတွက် အမြဲစဉ်ရှိတယ်၊ သူ ဆင်းရဲခြင်းအတွက် ဖေးကူတယ်၊
သူ ပေါများခြင်းအတွက် အမြဲသတိပေးတယ်၊ သူ သူငယ်ချင်းကောင်းဖြစ်တယ်။

သံပြိုင်။ လူသားလို ဖွားမြင်ခြင်းနဲ့ ရိုးသားတဲ့ ချစ်သူငယ်ချင်းပဲ
အသက်ပေးပြီးချစ်တဲ့ စွန့်လွှတ်ရဲခြင်းရှိတယ်။
ခွန်အားတွေရစေတဲ့ အကောင်းဆုံးသော ချစ်သူငယ်ချင်းပဲ
သူဟာ စွမ်းအားရှင်ယေဇူး။

၃။ သူ အားလုံးနဲ့ အတူတူ ရှိခဲ့တယ်၊ သူအဆုံး မရှိခဲ့ အမြဲတည်တယ်၊
သူ မျော်လင့်ချက်ကို ပေးသူဖြစ်တယ်၊ သူ သူငယ်ချင်းကောင်းဖြစ်တယ်၊

၄။ သူ ဒေါသအမျက်တွေ တကယ်မရှိခဲ့တယ်၊ သူ အငြိုးအတေးထားခြင်း မရှိလေတယ်၊
သူ ဘဝလမ်းအတွက် အလင်းရောင်ဖြစ်တယ်၊ သူ သူငယ်ချင်းကောင်းဖြစ်တယ်။

INVOCATION OF THE SAINTS



INVOCATION OF CHRIST



English translation:

Lord, deliver us, we pray.

Lord, be merciful,
From all evil,
From every sin,
From everlasting death,
By your Incarnation,
By your Death and Resurrection,
By the outpouring of the Holy Spirit,

PETITIONS FOR VARIOUS NEEDS



Lord, we ask you, hear our prayer.

Be merciful to us sinners,
Govern and protect your holy Church,
Keep the Pope and all the ordained in faithful service to your Church,
Bless this chosen man,
Bless and sanctify this chosen man,
Bless, sanctify and consecrate this chosen man,
Bring all peoples together in peace and harmony,
Comfort all the troubled and afflicted with your mercy,
Strengthen us and keep us in your holy service,
Jesus, Son of the living God,

CONCLUSION



Christ, hear us.
Christ, graciously hear us.

LAYING ON OF HANDS & PRAYER OF ORDINATION (လက်တင်ဆုတောင်းခြင်းနှင့် သိက္ခာတင်ခြင်းမေတ္တာ)

remain standing
(ဆက်လက်ပြီး မတ်တပ်ရပ်ကြပါ)

At the heart of the Rite of Ordination is the laying on of hands and prayer of ordination. The elect kneels before Bishop Medley. In silence, the Bishop places his hands upon the head of the elect. All priests join the Bishop in this sacramental action as a sign of unity and encouragement. This gesture, accompanied by the prayer of consecration by the Bishop, is the act by which the elect is ordained.

သိက္ခာတင်ခြင်း အခမ်းအနား၏ အရေးကြီးဆုံး အချက်မှာ လက်တင်ဆုတောင်းခြင်းနှင့် သိက္ခာတင်ခြင်း မေတ္တာတော် ဖြစ်သည်။ ရွေးကောက်ခံ ရဟန်းလောင်းသည် ဆရာတော် ဘုရားရှေ့

မျက်မှောက်တွင် ဒူးထောက်သည်။ ထို့နောက် ဆရာတော် ဘုရားသည် ရွေးကောက်ခံ ရဟန်းလောင်း၏ ဦးခေါင်းပေါ် ၌ စိတ်ငြိမ်စွာဖြင့် လက်တင်ပေးသည်။ စည်းလုံးညီညွတ်ခြင်း နှင့် အားပေးခြင်း၏ အမှတ်လက္ခာအဖြစ် ရဟန်းအားလုံးသည်လည်း ဆရာတော်နှင့် အတူ လက်တင်ဆုတောင်းပေးသည်။ ဒီအပြုအမူအရာနှင့် ဆရာတော် ဘုရား၏ သိက္ခာတင်ခြင်း မေတ္တာအားဖြင့် ရွေးကောက်ခံရသော ရဟန်းလောင်းသည် ရဟန်းတစ်ပါး အဖြစ် သိက္ခာတင်ခြင်း ခံရသည်။

INVESTITURE & ANOINTING OF HANDS (သင်္ကန်း ဆင်မြန်းခြင်းနှင့် မင်္ဂလာဆီဖြင့် ဘိသိက်ခြင်း)

The new priest is vested with the stole and chasuble: these are the signs of the priestly office which has just been conferred. Then, as a sign of his commission to serve within the community of the baptized, the new priest's hands are anointed on the palms with Sacred Chrism.

ရဟန်းသစ်သည် ယခုရရှိထားသော ရဟန်းသိက္ခာ၏ အမှတ်လက္ခာဖြစ်သော လည်ဆွဲနှင့် တရားဟောသင်္ကန်း (ဝတ်ရုံတော်) ဖြင့် ဆင်မြန်းခြင်း ခံရသည်။ ထို့နောက် သူ၏ အစေခံခြင်းတာဝန်ကို ထမ်းဆောင်ရန် အမှတ် လက္ခာအဖြစ် ရဟန်းသစ်၏ လက်ဖဝါးများသည် မင်္ဂလာဆီဖြင့် ဘိသိက်ခြင်း ခံရသည်။

HANDING OVER OF THE BREAD & WINE (မုန့်နှင့် စပျစ်ရည်ကို အပ်နှင်းခြင်း)

The Bishop presents the newly ordained with the chalice filled with wine and the paten with bread.

ဆရာတော် ဘုရားသည် စပျစ်ရည်နှင့် ပြည့်သော မင်္ဂလာဖလားတော်နှင့် မုန့်တင်ထားသော မင်္ဂလာပန်းကန်ပြားတော်ကို ရဟန်းသစ်အား အပ်နှင်းသည်။